ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့
No. 6 Dong Zhi Men Wai Street, Chao Yang District,
Beijing 100600, People's Republic of China
Tel : 0086 10 6532 0351, 6532 04554
Fax : 0086 10 65320408

## တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ၎င်းတို့၏ဇနီးနှင့်သားသမီးများအတွက် လန်ချန်း-မဲခေါင်ပြည်ဝင်ဗီဇာ ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စီးပွားလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေချောမွေ့စေရန် တရုတ်နိုင်ငံမှ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၊ ၎င်းတို့၏ဇနီးနှင့်သားသမီးများအတွက် (၅) နှစ် အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာနှင့် နေထိုင်ခွင့်ရက်ပေါင်း (၁၈၀) သက်တမ်းရှိ လန်ချန်း-မဲခေါင်ဗီဇာကို ထုတ်ပေးလျက်ရှိရာ၊ အပြန်အလှန်မှုအရ မြန်မာနိုင်ငံဘက်မှလည်း တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ ၎င်းတို့ဇနီးနှင့် သားသမီးများအတွက် အလားတူပြည်ဝင်ဗီဇာကို အောက်ဖော်ပြပါအတိုင်း ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) (၅) နှစ်တာကာလအတွင်း စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် ထုတ်ပေးသည့် (၁) နှစ်သက်တမ်းရှိ အကြိမ်ကြိမ် လုပ်ငန်းပြည်ဝင်ခွင့်ဗီဇာဖြင့် (၂) ကြိမ် မြန်မာနိုင်ငံသို့ သွားရောက်ဖူးသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် နှစ်နိုင်ငံအကြား တစ်ကြိမ်တစ်ခါသုံး လုပ်ငန်းဗီဇာဖြင့် အကြိမ်ကြိမ်ခရီးသွားမှတ်တမ်းရှိသော တရုတ်နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များနှင့် ၎င်းတို့၏ဇနီးများနှင့် သားသမီးများမှ လျှောက်ထားနိုင်ပါသည်၊

(ခ) လန်ချန်း-မဲခေါင်ဗီဇာ လျှောက်ထားသည့်အချိန်တွင် နိုင်ငံကူးလက်မှတ်သက်တမ်းအနည်းဆုံး (၅) နှစ် ကျန်ရှိရမည်၊

(ဂ) အကြိမ်ကြိမ်လုပ်ငန်းဗီဇာ လျှောက်ထားရာတွင် လိုအပ်သည့်အချက်များအတိုင်းတင်ပြရမည်၊

(ဃ) အမှန်တကယ်လုပ်ငန်း လုပ်ကိုင်နေသည့်လုပ်ငန်းနှင့်သက်ဆိုင်သော ဝန်ကြီးဌာန၏လုပ်ငန်းလုပ်ကိုင်ခွင့်ပြုချက် အထောက်အထားများ (သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်/ လုပ်ငန်းလိုင်စင်စသည်) ကို တင်ပြနိုင်ရမည်၊

(င) လန်ချန်း-မဲခေါင် အပြန်အလှန်ဗီဇာကို သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပြီး၊ (၅) နှစ်သက်တမ်းရှိ အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးမည်ဖြစ်ပါသည်၊

(စ) တစ်ကြိမ်လျှင် အများဆုံးနေထိုင်ခွင့် ရက်ပေါင်း (၁၈၀) ကို အပြန်အလှန်မူအရ နေထိုင်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ လန်ချန်း-မဲခေါင်ပြည်ဝင်ဗီဇာဖြင့် ဝင်ရောက်လာသော တရုတ်နိုင်ငံသားများသည် အောက်ဖော်ပြပါအချက်များကိုလည်း လိုက်နာဆောင်ရွက်ရပါမည်-

(က) ဗီဇာလျှောက်လွှာပုံစံတွင် ဖော်ပြထားသည့် အသက်မွေးဝမ်းကြောင်းမှလွဲ၍ မည်သည့်အလုပ်မျိုးတွင်မဆို အခကြေးငွေဖြင့်ဖြစ်စေ၊ အခမဲ့ဖြစ်စေ ပါဝင်လုပ်ကိုင်ခြင်း မပြုရပါ။

(ခ) ပြည်ထောင်စုသမ္မတနိုင်ငံတော်အစိုးရ၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေအရ အရေးယူခြင်းခံရမည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING

**မြန်မာသံရုံး၊ ပေကျင်းမြို့**
**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်**